နောင်ဟီးကျေးရွာ၊ ဝိုင်းမော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်ဟီးကျေးရွာ၊ ဝိုင်းမော်မြို့နယ်

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကူညီရေးဆွဲသည်

မာတိကာ

မာတိကာ ၁

စကားချီး ၅

နောင်ဟီးကျေးရွာအရင်းအမြစ်ပြဓမ္မပုံ၊ ဝိုင်းမော် မြို့နယ် ၇

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၈

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီရယူမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၇

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသောချိတ်ဆက်မှုများ** ၁၈

(၈) **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၉

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ** ၂၆

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၃၁

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား ၇ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှုအခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြိုးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသောရောဂါများ
ဇယား ၃၂ ကျန်းမာရေးအထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၃

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၅
ဇယား ၄၅ နောင်ဟီးကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်-ပြဿနာများအားဆန်းစစ်လေ့လာခြင်း
ကိုးကားစာရင်း ၇၀
အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက် ၇၁
စီမံကိန်းဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၀ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြစ် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ဝိုင်းမော်မြို့နယ်တို့မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာန၊ ဝိုင်းမော်မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်း များ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ(၃၁)ရက်၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောင်ဟီးကျေးရွာ

ဝိုင်းမော်မြို့နယ်

နောင်ဟီးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



ရည်ညွှန်း (ကျေးရွာ၏ အခြေအနေကို ရွာသူ/သားများကိုယ်တိုင် ရေးဆွဲအကောင်အထည်ဖော်ထုတ်သုံးသပ်ခြင်း) (၂၇-၂၉ရက်၊ဇူလိုင်လ၊၂၀၁၅နှစ်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်း မှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်း များကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ နောင်ဟီးကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာပြင် အနေအထား

ဝိုင်းမော်မြို့နယ် နောင်ဟီးကျေးရွာအုပ်စု၊ နောင်ဟီးကျေးရွာသည် မြစ်ကြီးနားမြို့နှင့် မိုင် (၂၁)ခန့်အကွာတွင်တည်ရှိပြီး၊ မြေမျက်နှာပြင်အနေအထားမှာ ညီညာပြန့်ပြူးသည်။ ဝိုင်းမော်မြို့နှင့် (၇)မိုင်ခန့်ကွာဝေးပြီး လိုင်ဇာ – မြစ်ကြီးနား ကားလမ်းမနှင့် ထိစပ်နေသော ကျေးရွာချင်းဆက်လမ်းပေါ်တွင်ရှိ၍ ကုန်သွယ်မှု အချက်အခြာကျသည့် ရွာတစ်ရွာလည်း ဖြစ်သည်။ ပြည်မနှင့် အဓိကဆက်သွယ်ထားသော ဧရာဝတီမြစ် ကမ်းနဘေးရှိ ရွာတန်းရှည် တစ်ရွာလည်းဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

ရွာပတ်ဝန်းကျင်တွင် လယ်ယာမြေများဖြင့် ဝန်းရံလျက်ရှိသည်။ မြေဆီသြဇာ ကောင်းမွန်သော လယ်ယာမြေများရှိခြင်း၊ အင်းအိုင်များရှိခြင်း ဧရာဝတီမြစ်နှင့်နီးခြင်းတို့ကြောင့် စိုက်ပျိုးရေးရရှိမှု အခွင့်အလမ်းများစွာ ရှိသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ

နောင်ဟီးရွာတွင် ရှမ်း၊ ကချင်၊ ရခိုင်၊ ဗမာ ၊ ဂေါ်ရခါးလူမျိုးစုများ အနည်းငယ် နေထိုင်ကြသည်။ ကိုးကွယ်သည် ဘာသာများမှာ ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ၊ ဟိန္နုဘာသာတို့ ဖြစ်ကြသည်။ အိမ်ထောင်စု စုစုပေါင်း (၄၀၅)အိမ်ထောင်စုရှိပြီး၊ ကျေးရွာ၏ လူဦးရေပေါင်းမှာ (၃၁၁၀)ဦးရှိသည်။ ကျေးရွာ၏ အလုပ်လုပ်ကိုင်နိုင်သော လုပ်သားအင်းအားမှာ (၂၀၅၅)ရှိပြီး ရွာရှိလူဦးရေး၏ (၆၆) ရာခိုင်နှုန်းရှိသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ဝမ်းစာဖူလုံမှုအနေအထားအရ ကျေးရွာတွင် အဆင်ပြေသော (က)အဆင့် အိမ်ထောင်စုနှင့်အလယ်အလတ်ရှိသော(ခ)အဆင့်အိမ်ထောင်စု (၂၂)ရာခိုင်နှုန်းတို့မှာ ဝမ်းစာဖူလုံရုံမက စုဆောင်း

ငွေများရှိကြသည်။ ဆင်းရဲသော(ဂ) အိမ်ထောင်စု (၁၇၆)စုမှာ ဝမ်းစာအသင့်အတင့်ရှိပြီး ကျန်းမာရေး၊ အခက်အခဲများနှင့် ကြုံမှသာ အကြွေးတင်သော အိမ်ထောင်စုများ ဖြစ်သည်။ အလွန် ဆင်းရဲသည့် (ဃ)အဆင့် အိမ်ထောင်စု (၁၁၂)စု၏ မိသားစုဝမ်းစာ အခက်အခဲများရှိသည့် ကာလများ၊ ဝင်ငွေနည်းသော ကာလ (၈ပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ) များတွင် ဝမ်းစာဖူလုံရန်အတွက် ငွေချေးကြရသည်။ ရွာရှိငွေချေးနိုင်သော နေရာများမှာ မေတ္တာဖောင်ဒေးရှင်းအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ငွေတိုးပေးစားသူများ၊ ဆွေမျိုး နှင့် မိတ်ဆွေများထံမှ ချေးခြင်း၊ လုပ်အားကြိုရောင်းခြင်း၊ စပါးစိမ်းရောင်းခြင်းတို့ဖြင့် ဖြေရှင်းကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်သူနှင့် ရွှေတွင်းများသို့သွားရောက်သူများသည် ကူးစက်ရောဂါဖြစ်ပွားနိုင်ခြေများသည့်အတွက် စိုးရိမ်ရသည်။ ရွာအတွင်း မူးယစ်ဆေးသုံးစွဲ၍ အသက်ဆုံးရှုံးကြရကို တွေ့ရှိရသဖြင့် လူငယ်၊ လူရွယ်များအတွက် စိုးရိမ်ပူပန်နေကြရသည်။

(ဃ) ကျန်းမာရေးနှင့်အဟာရ

ကျေးရွာတွင် ငှက်ဖျား၊ဝမ်းပျက်ဝမ်းလျောနှင့် တုပ်ကွေးအဖျားအနာများအဖြစ်များသည်။ ကျေးလက်ကျန်းမာရေးဌာနရှိပြီး ကျန်းမာရေးဝန်ထမ်းနှင့် ဝန်ဆောင်မှုအပြည့်အဝရရှိသည်။ ဆေးခန်းသုံး ပရိဘောဂများနှင့် ဆေးသိုလှောင်ရန်အတွက် လိုအပ်ချက်အနည်းငယ်ရှိနေသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ပညာတတ်မြောက်မှုအနေဖြင့် မူလတန်းပညာရေးပြီးစီးနှုန်း ၂၉%၊ အလယ်တန်းပညာပြီးစီးနှုန်း ၁၈%၊ အထက်တန်းပညာပြီးစီးနှုန်း ၂.၄%နှင့်ကျေးရွာတွင်လက်ရှိ အ.ထ.ကခွဲ ကျောင်းနှင့် မူလတန်းကျောင်း (၂) ကျောင်းရှိသည့်အတွက် ကျောင်းသားလူငယ်များမှာ အထက်တန်းပညာရေးကို လက်လှမ်းမီလာကြသဖြင့် ကျေးရွာရှိ ကျောင်းတွင်ပြီးဆုံးသည်အထိ သင်ယူလာနိုင်ကြသည်။ အထက်တန်းပညာရေးကို ၂၀၁၅ခုနှစ်တွင် သင်ကြားနိုင်သော်လည်း အစိုးရခန့် ဆရာများ မရရှိသေးသဖြင့် မိဘများမှာ ဆရာငှားသင်နေကြရပါသည်။ မိဘဆရာ အသင်းမှ ဆရာ/မ လစာငွေရရှိရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလျက် ရှိပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဦးဆောင်ကော်မတီများအဖွဲ့တွင် အမျိုးသမီးများ ပူပေါင်းပါဝင်လုပ်ကိုင်နေကြသည်ကို တွေ့ရသဖြင့် ကျားမခွဲခြားခြင်းနှင့် တန်းတူ ပညာ သင်ယူခွင့်၊ တို့တွင် ကျားမဆိုင်ရာဆက်နွယ်မှုအလေ့အထကောင်းများရှိသည်ကိုတွေ့ရှိရသည်။ အမျိုးသမီးများ ရပ်ရွာအကျိုးတွင် ပူပေါင်းပါဝင်လုပ်ကိုင်နိုင်ခွင့်များအပြည့်အဝ ရှိလာကြပြီးဖြစ်သည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာရှိလုပ်ငန်း ကဏ္ဍအလိုက်ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များရှိသည်။ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများမှာ ကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ နှင့် အသေးစား ငွေစုငွေချေးခြင်း စသည့်အဖွဲ့များရှိကြပါသည်။ ကျေးရွာတွင် အရေးကြီးသော ဆုံးဖြတ်ချက်များ ချသည့်အချိန်များတွင် ရပ်မိရပ်ဖများမှ ဦးဆောင်၍ ဆွေးနွေးကြပြီး တစ်ရွာလုံး ဆုံးဖြတ်ချက်များချမှတ်ကြပါသည်။ ဘာသာရေးအဖွဲ့များတွင် လည်ပတ်ရံပုံငွေများရှိပြီး စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများလည်းရှိပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ လယ်၊ ယာလုပ်ငန်းဖြစ်သည်။ လယ်၊ယာလုပ်ကိုင်စားသောက်သော အိမ်ထောင်စု ရာခိုင်နှုန်းမှာ (၇၀) ရာခိုင်နှုန်း ရှိသည်။ ကျန်အိမ်ထောင်စုများမှာ လယ်၊ ယာလုပ်ငန်းခွင်တွင် နေစားကျပန်းလုပ်ငန်းလုပ်ကိုင်၍ အသက်မွေးကြသည်ကများသည်။

စိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်း၊ နှမ်း၊ ပန်းနှမ်း၊ အာလူးဖြစ်ပြီး အထွက်နှုန်း အသင့်အတင့် ကောင်းမွန်မှုရှိသည်။ ကြံကိုစက်မှုကုန်ထုတ်အဆင့်ထိ စိုက်ပျိုးဖြစ်ထွန်းခဲ့ဖူးသော်လည်း သကြားထုတ်လုပ်သည့်စက်များ မရှိတော့သဖြင့် အနည်းငယ်သာ စိုက်ပျိုးကြတော့သည်။ အသီးမျိုးကောင်းမျိုးသန့်သီးနှံများကို သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ရေလုံလောက်စွာ ရရှိရန်နှင့် မြေပြုပြင်ခြင်း၊ စိုက်ပျိုးထွက်ကုန်များသယ်ယူပို့ဆောင်သည့် ကုန်ထုတ်လမ်းများပြုပြင်ရန် စသည်တို့လိုအပ်ပါသည်။ စိုက်ပျိုးရေလုံလောက်စေရန်အတွက် မြစ်ရေတင်စီမံကိန်းနှင့် အင်းများကို တူးဖော်မွမ်းမံ၍ မိုးရေလှောင်ကန်အဖြစ် ဆောင်ရွက်နိုင်သော အခြေအနေကောင်းများရှိသည်။ မြေယာပြုပြင်ခြင်းနှင့် စနစ်တကျစိုက်ပျိုးနည်းစနစ်သင်တန်းများကို ပြုလုပ်ပေးခြင်းဖြင့် တန်ဖိုးမြင့်သီးနှံများကို တစ်နှစ်ပတ်လုံစိုက်ပျိုးထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

နောင်ဟီးကျေးရွာရှိအိမ်များသည် စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြပြီး မွေးမြူရေးကို တပိုင်တနိုင်တစ်အိမ်ထောင်လျှင် နှစ်မျိုး သုံးမျိုးမွေးမြူကြသည်။ ကျွဲ၊ ခိုင်းနွား၊ နို့စားနွား၊ ဘဲ၊ ဝက်၊ ဆိတ် တပိုင်တနိုင် မွေးမြူခြင်းများမှ နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးများကို လယ်ယာမြေများတွင် သဘာဝမြေဩဇာအဖြစ် အသုံးပြုကြသည့်အတွက် စိုက်ပျိုးရေးမြေဩဇာ သွင်းအားစုအဖြစ် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်သည်။

ငါးမွေးမြူရေး လုပ်ငန်းကို အိမ်ထောင်စု (၆)စုမှ စမ်းသပ်လုပ်ကိုင်နေပြီး ဖြစ်သည်။ အကယ်၍ ငါးမွေးရန် ရေနှင့်လိုင်စင် ငါးသားပေါက်များလွယ်ကူစွာရရှိပါက ငါးမွေးမြူရေးလုပ်ငန်းကို ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်လာမည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်း၊ အပ်ချုပ်လုပ်ငန်း၊ ဆိုင်ကယ် စက်ပစ္စည်း၊ ပြုပြင်ခြင်း၊ သုံးဘီးဆိုင်ကယ်မောင်းသူများ၊ သီးနှံအဝယ်တော်ပွဲစားပြုလုပ်ခြင်း၊ အိမ်ဈေးဆိုင်များ၊ ဆန်စက်၊ ဆီစက်ထောင်သူများနှင့် အစိုးရဝန်ထမ်းလုပ်ကိုင်သူများရှိကြသည်။ အလုပ်အကိုင်အခွင့် အလမ်းများ ရှိနိုင်သော်လည်ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ နှင့် ဈေးကွက်အချိတ်အဆက်များ လို အပ်နေပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုတွင် မြေလွတ်မြေရိုင်းနှင့် စားကျက်မြေ နေရာများ မရှိတော့ပေ။ လယ်မြေချဲ့ထွင်ရန် မြေလွတ်မြေရိုင်းများ ကျေးရွာအနီးတွင်မရှိပါ။ တောင်သူငယ်နှင့် ဆင်းရဲသားတောင်သူများသည် မိမိလယ်အပြင် အခြားကျေးရွာမှပိုင်ဆိုင်သော လယ်မြေများကို ငှါးရမ်းလုပ်ကိုင်ကြသည်။ တောင်သူကြီးများသည် မိမိပိုင်လယ်မြေများကို လယ်လုပ်ကိုင်သူများ ထံသို့ ငှါးပေးကြသည်။ စိုက်ပျိုးရေလုံလောက်ရန် ဖန်တီးပေးနိုင်ပါက သီးနှံအထွက်နှုန်း တိုးတက် လာနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်များ မရှိသေးခြင်း။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ချေးငွေဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများမှာ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး ငွေစုငွေချေးအဖွဲ့များထံမှ လယ်ပိုင်ရှင်များနှင့် အဖွဲ့ဝင်သည်များ ချေးယူရရှိနိုင် သည်။ ခရစ်ယာန်ဘာသာဝင်များ၏ အသေးစားချေးငွေ ဝန်ဆောင်မှုအဖွဲ့၊ အပေါင်ဆိုင်နှင့် မိတ်ဆွေ၊ ဆွေမျိုးများထံမှ ချေးငွေရရှိနိုင်သည်။ ဆင်းရဲသောသူများ ငွေကြေးအရင်းအနှီးရရှိနိုင်ရန် အခွင့် အလမ်းများ မရှိသေးသော်လည်း မြစိမ်းရောင်အစီအစဉ်များရှိသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွာတွင်ကျေးလက်ကျန်းမာရေးဌာနရှိသည်။ သန့်ရှင်းသပ်ရပ်သောမွေးခန်းနှင့် လူနာ ကုတင် များ လုံလုံလောက်လောက် ရှိရန်နှင့် ဆေးသိုလှောင်ရန် ဗီရို၊ ရေခဲသေတ္တာစသဖြင့် လိုအပ် ပါသည်။ အရေးပေါ် ကျန်းမာရေးလိုအပ်ချက်များရှိပါက ရွာနှင့် (၆.၅)မိုင်ဝေးသော ဝိုင်းမော်မြို့ ဆေးရုံသို့ သွားရောက်ကြရသည်။ အရေးပေါ်အတွက် မြစ်ကြီးနားဆေးရုံကြီးသို့ သွားရောက် ကြသည်။ ကမ်းနားပိုင်းရှိ အိမ်ခြေ(၆၀)ခန့် မတ်၊ ဧပြီ၊ မေ၊လ(၃)လ ရေခမ်းသဖြင့် သောက်သုံးရေ အခက်အခဲနှင့်ကြုံရပါသည်။ အချို့မှာမြစ်ရေကိုသောက်သုံးနေကြခြင်း၊ အချို့သောအိမ်များမှာ နွေရေ ခံသောတွင်းများဆီသို့ သွားရောက် သယ်ဆောင်အသုံး ပြုနေကြခြင်းများရှိသည်။

ယင်လုံအိမ်သာကို စနစ်တကျ အသုံးပြုမှုမရှိခြင်း၊ တောထိုင်သည့် အလေ့အထ ရှိခြင်း၊ ကျင်းအိမ်သာ အသုံးပြုမှုနည်းစနစ်မကျခြင်းတို့ကြောင့် ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှု များရှိနေ

သည်။ ယင်လုံ အိမ်သာကို စနစ်တကျဆောက်လုပ်ရန် ငွေအင်အားမတတ်နိုင်ခြင်း အခက်အခဲများ ရှိနေပါသည်။

အထက်တန်းပညာရေး တိုးမြှင့်လိုက်ခြင်းနှင့်အညီ ဘာသာရပ်အလိုက် စာသင်ဆရာလိုအပ်မှုများနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းရန်လိုအပ်ချက်များသည် ပညာရေး၏ အဓိက အခက်အခဲကြီးတစ်ရပ် ဖြစ်လာခဲ့သည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များမှာကျေးရွာဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သာရေး၊ နာရေးကိစ္စရပ်များတွင် ပါဝင်ကူညီလုပ်ကိုင်ပေးကြသည်။ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးရွာပိုင်ကစားကွင်း ပြုလုပ်လိုခြင်းနှင့် မြေနေရာရှိသော်လည်း ကျေးရွာအင်းအားဖြင့် မဝယ်ယူနိုင်သည့် အခက်အခဲများရှိနေခြင်းနှင့် ယင်းကစားကွင်းနေရာသည် ကုန်းမြင့်တွင်တည်ရှိခြင်းကြောင့် မြစ်ရေကြီးခြင်း ဖြစ်ပေါ်ပါက ကျွဲ၊နွားတိရိစ္ဆာန်များအတွက် ယာယီနေထိုင် ရာနေရာအဖြစ် ပြုလုပ်နေသည့် နေရာလည်းဖြစ်သည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ရွာအနီးပါတ်ဝန်းကျင်တွင် ရှိသည့်အတွက် လူငယ်များကို စိုးရိမ်းနေကြရသည်။

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီရယူမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာချင်းဆက်လမ်းပေါ်တွင်ရှိသော နောင်ဟီးကျေးရွာသည် ဆက်သွယ်ရေးလမ်းများ ကောင်းမွန်သော်လည်း တံတားများပျက်ဆီးနေပြီး ပြန်လည်မပြုလုပ်နိုင်သေးသဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို သယ်ယူပို့ဆောင်ရန်နှင့် ကျန်းမာရေး၊ ပညာရေး၊ ကုန်သွယ်ရေး လုပ်ငန်းများအတွက် ကျေးရွာများအကြား ကွေ့ဝိုက်သွားနေကြရသည့်အတွက် ခရီးဝေးကာ သယ်ယူစရိတ် မြင့်မားခြင်းများနှင့် တွေ့ကြုံနေကြရသည်။

နိုင်ငံတော်အစိုးရ၏ ကျေးလက်မီးလင်းရေး အစီအစဉ်ဖြင့် လမ်းမီးတိုင်များ စိုက်ထူထားပြီး ဆက်လက် ဆောင်ရွက်ရန်ရှိသည်။

ဖုန်းဆက်သွယ်ရေးများ လက်လှမ်းမီမှုရှိနေခြင်းများကြောင့် နေ့စဉ်ပြောင်းလဲနေသော စျေးကွက် အနေအထားများကို လက်လှမ်းမီမှုရရှိပါသည်။

အိမ်တိုင်းနီးပါးတွင် တီဗွီ၊ ဖုန်း၊အင်တာနက်ဆက်သွယ်ရေး လက်လှမ်းမီလာပြီး ဖြစ်သည့် အတွက် နေ့စဉ်ဖြစ်ပေါ် ပြောင်းလဲနေသော ကုန်စျေးကွက်အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး ၊ နိုင်ငံရေး သတင်းအချက်အလက်များကို သိရှိနိုင်လာသည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ဝိုင်းမော်မြို့နယ် ရဲစခန်းနှင့် (၆.၅)မိုင်သာဝေးကွာခြင်း၊ ကျေးရွာလုံခြုံရေး၊ သဘာဝဘေး အန္တရာယ် လျော့ချရေးအစီအစဉ်ကိစ္စရပ်များတွင် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် မြို့နယ် ရဲစခန်းမှ လုံခြုံရေးအကူအညီများရရှိ၍ နယ်မြေအေးချမ်းရေးနှင့် မူးယစ်ကင်းစင်ရေး လုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများအကျဉ်းချုပ်

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေခြင်း၊ တက်ကြွစွာ ပူပေါင်းပါဝင်လာစေခြင်းနှင့် ဦးစီးဆောင်ရွက်နိုင်ခြင်းတို့မှာ အဓိက အချက်များ ဖြစ်ပါသည်။ ထိုအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်း(သို့မဟုတ်) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ ရေးဆွဲထားရှိရန် လိုအပ်ပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို အသုံးပြု၍ လတ်တလော ကြုံတွေ့နေရသော အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖွံ့ဖြိုးရေးဗျူဟာနှင့် ချိတ်ဆက် ကာ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နောင်ဟီးကျေးရွာ၏ ဖွံ့ဖြိုးရေးကဏ္ဍအလိုက် ကိုင်တွယ် ဖြေရှင်းရမည့် ပြဿနာအခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖွံ့ဖြိုးရေးကွင်းဆက်များဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အခြေခံအကြောင်းအရာများနှင့် ထိုအခြေ အနေ ကောင်းများကို ဖမ်းဆုပ်နိုင်ရန် တားဆီးနေသော အဟန့်အတားများကို ကဏ္ဍအလိုက် ဆက်လက် ဖော်ပြသွားပါမည်။

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ

နိုင်ငံတော်၏ဆင်းရဲမှုလျော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ်အောက်မှ ကျေးရွာ လူထုအခြေပြုအဖွဲ့များ ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်ရေး အစီအစဉ်များရှိခြင်း ကျေးရွာ အတွင်းတွင် လက်ရှိအားကောင်းပြီးဖြစ်သော လူမှုရေး၊ ဘာသာရေး အဖွဲ့များနှင့် ယင်းတို့၏ ဆောင်ရွက်မှု စနစ်ကောင်းများရှိနေခြင်းတို့သည် ကျေးရွာလူမှုအဖွဲ့အစည်းများ ခိုင်မာတောင့်တင်း အောင် ဆောင်ရွက်ရေးတို့အတွက် အခြေအနေကောင်းများပင်ဖြစ်သည်။

လယ်မြေတွင်ရေလုံလောက်စွာပေးနိုင်ပါက တစ်ဧကအထွက်တိုးရုံမျှမက သီးထပ်သီးနှံများ လည်း စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရန် အင်းများကို ပြုပြင်မွမ်းမံ၍ မိုးရေ လှောင်ကန်အဖြစ် အသုံးပြုပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးရေအသုံးပြုနိုင်မည့် အခြေအနေကောင်း ဖြစ်သည်။

လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမစီးဌါနတို့မှ စိုက်စရိတ်ချေးငွေကို ထုတ်ယူနေကြသော်လည်း ချေးငွေကာလ တိုးမြှင့်ပေးနိုင်လျှင် တောင်သူများအနေနှင့် သီးနှံအမြတ်အစွန်းများ ပိုမိုရရှိနိုင်လာမည်ဖြစ်သည်။

မြစ်ကြီးနားနှင့်ဝိုင်းမော်စျေးများမှ လိုအပ်သော မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးများနှင့် စက်ကိရိယာများကို ဝယ်ယူရရှိနိုင်ခြင်းလိုအပ်သောမြေဩဇာ ပိုးသတ်ဆေး၊ စက်ကိရိယာများ လွယ်ကူစွာရရှိနိုင်ခြင်း၊ ခေတ်မီစက်များဖြင့် ဆန်၊ ဆီစသည်တို့ ကြိတ်ခွဲ ရောင်းချနိုင်ခြင်းနှင့် လိုင်ဇာ၊ မြစ်ကြီးနားစျေးကွက်သို့ တင်ပို့ရောင်းချမည့် ကုန်သည်များနှင့် စျေးကွက် အချိတ်အဆက်များရှိသည်။

(ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ငါး)မွေးမြူ ရေးအတွက် ဒေသမျိုးများကို အလွယ်တကူ ဝယ်ယူနိုင်သည်။ (၁)ဧကအနည်းဆုံးကျယ်ဝန်းသည့် အိမ်ခြံဝင်းအတွင်း မိသားစုတစ်ပိုင်တစ်နိုင် မွေးမြူရေးကို ကောင်းစွာဆောင်ရွက်နိုင်သည်။ မွေးမြူရေးထုတ်ကုန်များကို ရွာအရောက် ဝယ်ယူခြင်း ရှိကြသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာလူထုသည် မြို့နယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရန် တုံ့နှေးနေခြင်း ကျေးရွာလူထုအခြေပြုအဖွဲ့များ ခိုင်မာတောင့်တင်းရေး အစီအစဉ်များ မရရှိသေးပါ။

သီးနှံစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးမြေကျယ်ပြန့်စွာရှိသော်လည်း စိုက်ပျိုးရေရရှိရန် အခက်ခဲများကြောင့် ရာသီဥတုအပေါ်မူတည်၍ သီးနှံထုတ်လုပ်မှုပြုကြရသည်။ မြစ်ရေတင်စီမံကိန်းကဲ့သို့သော အစီအစဉ်များ၊ ဆီမုန်ညှင်း၊ပန်းနှမ်းစသည့်သီးနှံများအစား ဝင်ငွေပိုမိုကောင်းမွန်သည့် မြေပဲကဲ့သို့သော သီးနှံများပြောင်းလဲစိုက်ပျိုးနိုင်ရန် ဖွံ့ဖြိုးရေးစီမံကိန်းများလိုအပ်ပါသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရန် လုံလောက်သောချေးငွေပမာဏများကို လိုအပ်သောကာလတို့တွင် လွယ်ကူစွာလက်လှမ်းမီနိုင်သည့် ဘဏ်ဝန်ဆောင်မှုစနစ်လိုအပ်သည်။ တောင်သူများ သွင်းအားစုများကိုအချိန်မီလုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ အင်းရေကို ရေစုပ်စက်ဖြင့်တင်၍ ရေသွင်းရခြင်း၊ တစ်နှစ်ပတ်လုံး ရေမရရှိနိုင်ခြင်း၊ မြေဩဇာအရည်အသွေး မပြည့်ဝခြင်း၊ ပိုးသတ်ဆေးများ မမှန်ကန်ခြင်း၊ နည်းပညာဝန်ဆောင်မှုများကို လက်လှမ်းမီရန်မလွယ်ကူခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်းစသည့် အခက်အခဲများရှိခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း နည်းလာကြသည်။

မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအတွက် ချေးငွေဝန်ဆောင်မှုမရှိခြင်း၊ ကျရောက်သောရောဂါများကို အချိန်မီ ကာကွယ်တားဆီးနိုင်ရန် ဆေးသိုလှောင်မှုစနစ်များ မရှိခြင်းများကြောင့် နစ်နာဆုံးရှုံးမှုများသည်။

ကုန်ထုတ်လမ်းတံတားများ ပျက်ဆီးယိုယွင်းနေသည့်အတွက် သီးနှံထွက်ကုန်များကို သယ်ယူပို့ဆောင်ရာတွင် သယ်ယူစရိတ်များမြှင့်မားနေသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

နောင်ဟီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များမှာ ယေဘူယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးများ ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကွင်းဆင်းအဖွဲ့၏ကူညီမှုဖြင့် ရွာသူရွာသားများကိုယ်တိုင် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို ပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲခဲ့ကြသည်။ စီမံကိန်း အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကိုပါ ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်အိမ်ထောင်စုချင်း လူနေမှုအဆင့်တိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်း ပညာနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကို အောက်ပါအတိုင်း ချမှတ်ထားကြပါသည်။

ရည်မှန်းချက်ပန်းတိုင်

- သီးနှံစိုက်ဧက တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေးနှင့် သားငါးတိုးတက်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု၏ ဝင်ငွေတိုးတက်မြင့်မားလာရမည်။
- ကျေးရွာ၏ ကျန်းမာရေးကဏ္ဍများကို အဆင့်မြှင့်တင်ခြင်း၊ ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာလူထု၏ ဝင်ငွေရှာဖွေနိုင်စွမ်း မြင့်မားလာရမည်။

နည်းဗျူဟာများ

- လယ်များရေရှိရေးအတွက် အင်းများကို ပြန်လည်တူးဖော်၍ ရေသိုလှောင်ထားသည့်နည်းစနစ်များ ဆောင်ရွက်ခြင်းဖြင့် သီးနှံအောင်ရေ ရရှိအောင် ဆောင်ရွက်ရန်
- မြန်မာ့လယ်ယာစိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ နည်းပညာ (ပိုးမွှားရောဂါများကိုကာကွယ်နှိမ်နှင်းခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးရရှိရေး၊ သီးနှံမျိုးကောင်းမျိုးသန့်များ စမ်းသပ်ထုတ်လုပ်ဖြန့်ချိနိုင်ရန် စသည့်) အကူအညီများ ရယူရန်
- လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ ဝယ်ယူနိုင်သည့် ဖြန့်ဖြူးသူများနှင့် ချိတ်ဆက်နိုင်ရန်
- စနစ်တကျမွေးမြူခြင်းနှင့် ကာကွယ်ဆေးပုံမှန်ထိုးနှက်ခြင်း၊ နည်းပညာအကူအညီများ ရရှိအောင် ဆောင်ရွက်ခြင်းစသည့် အသိပညာများ တိုးမြှင့်လာစေရန်
- မွေးမြူရေးလုပ်ငန်း တိုးတက်ဆောင်ရွက်ရန် ချေးငွေဝန်ဆောင်မှုလိုအပ်ချက်များရရှိ အောင် ဆောင်ရွက်ခြင်း
- အသက်မွေးဝမ်းကျောင်း နည်းပညာများလေ့ကျင့်ပေးသည့် အစီအစဉ်များ၊ ကျွမ်းကျင်သင်တန်းများ၊ ဒေသလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းများ

- ဘဏ်နှင့် ချေးငွေဝန်ဆောင်မှုများလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း
- မြို့နယ်ကျန်းမာရေးဌာနများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကျန်းမာအောင်ပြုမူနေထိုင်သင့်သည့် အလေ့အကျင့်ကောင်းများနှင့် အသိပညာ ဗဟုသုတ ဟောပြောပွဲများ ပြုလုပ်ခြင်း
- မြို့နယ်ပညာရေးဌာနနှင့် မိဘဆရာအသင်းတို့ပူးပေါင်း၍ ကျောင်းသားများ ပညာကြိုးစား သင်ယူစိတ်ရှိလာနိုင်ရေးအတွက် မိဘများနှင့် လက်တွဲဆောင်ရွက်ခြင်း။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်မည်ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသူ ရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသော ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန် အချိန်မှန်ပြန်လည်သုံးသပ်မည့် အစီအစဉ်များ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

နောင်ဟီးကျေးရွာရှိ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေးသော ချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေးလုပ်ကိုင်သူများအတွက် မလုံလောက်သော ချေးငွေပမာဏ ဖြစ်သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလများရှိခြင်းကြောင့် မွေးမြူရေး စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များရှိနေသည်။ လယ်သမားများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသေးသည့်အတွက် ချေးငွေအလုံ အလောက်ရရှိရန် အတိုးကြီးပေး၍ ချေးယူကာ လယ်၊ယာလုပ်ငန်းများကို လုပ်ကိုင်နေကြရသည်။ ဆင်းရဲသော တောင်သူများ၊ လက်လုပ် လက်စားများမှာ ငွေကြေးချေးယူရရှိရန် ခက်ခဲသည်။ သီးနှံနှင့် သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေးကာလရှည်ချေးငွေနှင့် လယ်၊ယာလုပ်ငန်း ချေးငွေဝန်ဆောင်မှုများကို ဒေသနှင့် ကိုက်ညီစွာ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်ုပ်တို့ ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန် မြေဆီဩဇာအားကောင်းသော လယ်၊ယာမြေများပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များရှိခြင်း တို့ကြောင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင် နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစု ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက်လာစေပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေ သုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ

စေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်မည့်နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classificationသည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်း ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ(Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး(Capacity Building)ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံကိန်း လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်း များထံမှ ပြည့်ပြည့်ဝဝ ရ ရှိရန် လိုအပ်ပါသည်။

ကျေးရွာ၏ ဦးစားပေး စီမံကိန်းများ

ကဏ္ဍ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
	၁။ လုံလောက်သော ပမာဏနှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များအား လက်လှမ်းမီရေး	၉၀	၁	• ချေးငွေရရှိရန်ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း။ • ကျေးရွာ စုငွေ/ချေးငွေ အစီအစဉ်အား ပြန်လည် ရေးဆွဲခြင်း။ • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း။	
လမ်းပန်း ဆက်သွယ်ရေး					
	၂။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦများ တိုးတက်လာစေရေး	၈၅	၂	• (နောင်ဟီးမှကြက်ပေါင်ခြံဖက်ကူး)၊ လမ်းပြုပြင်ခြင်း (နောင်ဟီးမှ နောင်မော်)သို့သွားလမ်း • မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြခြင်း။ နောင်ဟီးနောင်ခံကွင်းမှ စန်းကားအလူးဘရီသို့ သွားသော တံတား တည်ဆောက်ခြင်း။ ကွန်ဂရစ်တံတား (အလျားပေ ၁၀၀ အနံပေ ၁၂)	•ကျေး/လက်ဦးစီး

ကဏ္ဍ	စီမံကိန်း	ရမှတ်ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
လူငယ်/ယဉ်ကျေးမှုနှင့်အားကစား					
	၃။ လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး	၈၆	၃	• လူငယ်များစွမ်းဆောင်ရည် မြင့်မားလာခြင်း။ • ခေါင်းဆောင်မှုနှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း • မူးယစ်ဆေးဝါးလျှော့နည်းပပျောက်ရေး ဆောင်ရွက်ခြင်း။ • ဆက်ဆံရေး နှင့် ပံ့ပိုးမှု တိုးတက်လာစေရေးသင်တန်း။	•ကျေး/လက်ဦးစီး
အခြား ဝင်ငွေရ လုပ်ငန်းများ					
	၄။ အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာစေရေး	၇၅	၄	• စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရန် ရင်းနှီးမြုပ်နှံသူများ နှင့် ဆက်သွယ်ခြင်း။ • အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းပေးခြင်း။ • လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်နိုင်စေရန် • ဝင်ငွေရရှိစေရန်အတွက်ဒေသ၏ထွက်ကုန်ဖြစ်သော စပါး၊ပြောင်း၊ အာလူး၊ စသည်တို့ကိုကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန် သင်တန်းများလိုအပ်ခြင်း။ • ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက် ဖွံ့ဖြိုးရေး။ • စျေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်း နှင့်လုပ်ငန်း အကောင်အထည်ဖော်ခြင်း။ • အလုပ်အကိုင် အခွင့်အလမ်း တိုးတက်လာစေရန် လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း။	

ကဏ္ဍ	စီမံကိန်း	ရမှတ် ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
တိရိစ္ဆာန် မွေးမြူရေး					
	၅။ အသေးစားနှင့် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများ တိုးတက်လုပ်ကိုင်လာရန် အခြေအနေကောင်း များ ဖန်တီးရန်	၇၃	၅	• နည်းပညာဖန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်း ဖြင့် မွေးမြူရေးထွက်ကုန် မြင့်မားစေခြင်း။ • မြို့နယ်မွေးကုဋ္ဌာနနှင့် ချိတ်ဆက်ခြင်း။ • နွား၊ ဆိတ်၊ ဝက် စသည့် မျိုးကောင်းမျိုးသန့် မွေးမြူရေး လုပ်ငန်းများ တိုးတက်စေရန် ပံ့ပိုးခြင်း။ • မွေးမြူရေး ထုတ်လုပ်ရေးအတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း။	
ကျန်းမာရေး					
	၆။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၇၂	၆	• ကျန်းမာရေး ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း။ • ကျန်းမာရေးဌာနအတွက်ဆေးသိုလှောင်ရန် ရေခဲသေတ္တာ၊ ဗီရို ပံ့ပိုးခြင်း။ • ကျန်းမာရေးဝန်ဆောင်မှု များအား လက်လှမ်းမီမှု တိုးတက်ရေး။ ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။	
ပညာရေး					
	၇။ ကျေးရွာ၏ ပညာ တတ်မြောက်မှု တိုးတက် ရေး	၆၇	၇	• မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့တို့မှ ဦးဆောင်၍ ကျောင်းခြံစည်းရိုး ကာရံခြင်း (အ.ထ.က ခွဲနှင့်အ.မ.က(၃))	

ကဏ္ဍ	စီမံကိန်း	ရမှတ်ပေါင်း	အဆင့်	စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
				• ကျောင်းအိမ်သာ နှင့် ပရိဘောဂများ ဖြည့်ဆည်းပေးခြင်း။ • အ.ထ.က ခွဲအတွက်ရေသန့်စက်များတပ်ဆင်ခြင်း။ • ကွန်ပျူတာခန်းအတွက်လိုအပ်သောပစ္စည်းများအတွက် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။	

(ဃ)အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည် ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း (Project)	ဦးစား ပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့ များအား လက်လှမ်းမီရေး	၁	Â	Â	Â	Â	Â
၂	လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် လမ်းများပြုပြင်ခြင်း	၂			Â	Â	Â
၃	စွမ်းဆောင်ရည်မြင့်မားရေးနှင့် မူးယစ်ဆေးဝါးလျှော့နည်းပပျောက်ရေး လှုပ်ရှားမှုများဆောင်ရွက်ခြင်း။	၃	Â	Â	Â	Â	Â
၄	ဝင်ငွေရရှိစေရန်အတွက် ဒေသ၏ ထွက်ကုန်ဖြစ်သော စပါး၊ပြောင်း၊ အာလူး၊ စသည်တို့ကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန် သင်တန်းများ လိုအပ်ခြင်း	၄	Â	Â			
၅	နွား၊ဆိတ်၊ဝက် စသည့် မျိုးကောင်းမျိုးသန့် မွေးမြူရေး လုပ်ငန်းများတိုးမြှင့် ဆောင်ရွက်ခြင်း	၅	Â	Â			
၆	ကျေးရွာ ဆေးပေးခန်းပရိဘောဂများ ဖြစ်သည့် ဆေးသိုလှောင်ရန် ရေခဲသေတ္တာနှင့် ဆေးဗီရိုများဖြည့်ခြင်း	၆	Â	Â			
၇	ကျေးရွာ၏ပညာရေး အဆောက်အဦးများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း	၇	Â				

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲ ချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေး အကူအညီများရယူ၍ ပြန်လည် တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက် အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်း ပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စဉ်	စီမံကိန်း	ရံပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသား ချင်း စာ နာမှု အ ထောက် အပံ့
				ငွေလုံးငွေ ရင်းအသုံး စရိတ်	စွမ်း ဆောင် ရည်မြှင့် တင်ရေး	
၁	လုံလောက်သော ပမာဏ နှင့် သင့်တင့် သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များအား လက်လှမ်းမီရေး			Â	Â	
၂	လမ်းပန်းဆက်သွယ်ရေးကောင်း မွန်အောင် လမ်းများပြုပြင်ခြင်း			Â		
၃	စွမ်းဆောင်ရည်မြှင့်မားရေးနှင့် မူးယစ် ဆေးဝါးလျှော့နည်း ပပျောက်ရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း။		Â		Â	
၄	ဝင်ငွေရရှိစေရန်အတွက်ဒေသ၏ ထွက်ကုန်ဖြစ်သော စပါး၊ပြောင်း၊ အာလူး၊ စသည်တို့ကို ကုန်ချော အဖြစ် ထုတ်လုပ် နိုင်ရန် သင်တန်း များလိုအပ်ခြင်း		Â		Â	
၅	နွား၊ဆိတ်၊ဝက် စသည့် မျိုးကောင်း မျိုးသန့် မွေးမြူရေး လုပ်ငန်းများ တိုး မြှင့် ဆောင်ရွက်ခြင်း			Â	Â	
၆	ကျေးရွာဆေးပေးခန်းပရိဘောဂ များ ဖြစ်သည့် ဆေးသိုလှောင်ရန် ရေခဲသေတ္တာနှင့် ဆေးဗီရိုများ ဖြည့်ခြင်း			Â		

စဉ်	စီမံကိန်း	ရံပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသား ချင်း စာ နာမှု အ ထောက် အပံ့
				ငွေလုံးငွေ ရင်းအသုံး စရိတ်	စွမ်း ဆောင် ရည်မြှင့် တင်ရေး	
၇	ကျေးရွာ၏ပညာရေး အဆောက် အဦများ တိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်း			Â		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်း များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်

အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်း ပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေး ထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်း ရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင် အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စု များ တက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်း အချက်အလက် များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ် စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report) ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြ ပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင် ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

စိမ်ကိန်းဇယားများ

၁. လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၂၆	၂၉	၅၅	၂.၅	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၉၇	၈၆	၁၈၃	၈	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၃၉	၉၉	၂၃၈	၁၀.၉	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၃၆	၁၅၉	၂၉၅	၁၃.၅	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၆၆၅	၆၂၀	၁၂၈၅	၅၉ .၁	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၅၄	၇၈	၁၃၂	၆	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၁၁၁၇**	**၁၀၇၁**	**၂၁၈၈**	**၁၀၀**	
အိမ်ထောင်စုပေါင်း	**၃၆၉**				**ပျမ်းမျှလူဦးရေ ၅.၉**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများတစ်အိမ်တက်ဆင်းကောက်ယူထားသော အခြေခံစာရင်းဇယားများအရ (၂၇-၂၉ရက်၊ဇူလိုင်လ၊ ၂၀၁၅ နှစ်)

လူဦးရေ(၁၂၈၅)သည် အလုပ်လုပ်နိုင်သူဦးရေဖြစ်သဖြင့် လုပ်သားအင်အားမှာ လူဦးရေစုစုပေါင်း၏ ထက်ဝက်ကျော်ခန့်ရှိပါသည်။ ဤအချက်အလက်ကိုကြည့်ခြင်းအားဖြင့်ဤကျေးရွာတွင် ကျေးလက်လူမှု စီးပွားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် လိုအပ်သော လူသားအရင်းများ ရရှိနိုင်ပါသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၂၅၇	၇၀%		လယ်ယာလုပ်ငန်းအပြင် အခြားဝင်ငွေရလုပ်ငန်းများကို လုပ်ကိုင်ကြသည်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၁၀၂	၂၈%		သူရင်းငှါးနှင့် နေ့စားလုပ်ကိုင်ကြခြင်း

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၂	***တိရိစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၇၂	တပိုင်တနိုင် မွေးမြူခြင်း
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၆	ငါးကန် ပိုင်ရှင်များ
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၁%		ဆန်စက်၊ ဆီစက်၊ ရှိသူများ
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၃	ပန်းရံ၊ လက်သမား
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၃	ရေစုပ်စက်၊မော်တော်ဆိုင်ကယ် များကို ပြုပြင်ခြင်း
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၉	*ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)*				
	ကိုယ်ပိုင် လုပ်ငန်း			၂	အပ်ချုပ်လုပ်ငန်း လုပ်ကိုင်သူ
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	*လက်လီ-လက်ကား ရောင်းဝယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း	၅	၁%	၁၆	(၁၆) အိမ် ဈေးဆိုင်၊ (၅)သီးနှံ အဝယ်တော်
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*				
	ကိုယ်ပိုင် လုပ်ငန်း			၆	ခရီးသည်တင် သုံးဘီးဆိုင်ကယ်နှင့် မော်တော် ကားပြေးဆွဲခြင်း
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	*ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီ			၅	ကျေးလက်ဦးစီးဌာနနှင့်သမဝါ

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလိုက် အလုပ်သမား				ယမလုပ်ငန်းဌာနတို့တွင် လုပ်ခြင်း
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား			၇	ကျောင်းဆရာမများ
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	**၃၆၉**	**၁၀၀%**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများတစ်အိမ်တက်ဆင်းကောက်ယူထားသော အခြေခံစာရင်းဇယားများအရ (၂၇-၂၉ရက်၊ဇူလိုင်လ၊၂၀၁၅ခုနှစ်)

နောင်ဟီးရွာရှိ လယ်ယာ ထုတ်ကုန်များ ထုတ်လုပ်မှုတိုးတက်ရန် ဆောင်ရွက်ရာတွင် ကျေးရွာရှိ သဘာဝအရင်းအမြစ်များ ဖြစ်သည့် လယ်၊ ယာနှင့် အင်းများကို အပြည့်အဝသုံးစွဲနိုင်ခြင်း၊ စိုက်ပျိုးရေးနည်းပညာ အထောက်အကူများ ရရှိခြင်း၊ မှန်ကန်သောမျိုးစေ့များနှင့် မြေဩဇာများ ရရှိခြင်း၊ ချေးငွေအလုံအလောက်ရရှိခြင်း၊ လုပ်သားစွမ်းရည်မြှင့်တင်ခြင်းများ ပြုလုပ်နိုင်ပါက လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

၁.၃ စိုက်ပျိုးနိုင်သောမြေဧရိယာ

၁.၃.၁ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၄၂၈	သင့်	မရ	၂၈၇ဧက(အင်းရေရရှိ) ကျန်လယ်မှာမိုးရေသာ အားကိုးနေရ။
ယာမြေ	၇၆၃.၃၇	သင့်	မရ	ရေတွင်း အင်းရေများ ဖြင့်စိုက်ပျိုး။
ဥယျာဉ်ခြံမြေ	၄	သင့်	မရ	။
စုစုပေါင်း	**၁၁၉၅.၃၇**			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများတစ်အိမ်တက်ဆင်းကောက်ယူထားသော အခြေခံစာရင်းဇယားများအရ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ နောင်ဟီးကျေးရွာမြေများသည် ယခင်က ကြံစိုက်ပျိုးအောင်မြင် ဖြစ်ထွန်းခဲ့သော မြေများဖြစ်သည်။ ကြံ စိုက်ခြင်းဖြင့် တောင်သူများအားလုံး စီးပွားဖြစ်နိုင်သော်လည်း ကြိတ်ခွဲမည့် သကြားစက်များမရှိခြင်းကြောင့် အခြားအစားထိုး သီးနှံများကို စိုက်ပျိုးလာခြင်းဖြစ်သည်။ အချို့သော ယာမြေနှင့်ဥယျာဉ်ခြံမြေ အိမ်ခြံဝန်းအတွင်းရှိ စိုက်ပျိုးမြေများအား ရေတွင်းမှ ရေစုပ်စက်ဖြင့် ရေတင်စိုက်ပျိုးကြရသည်။ ရေစုပ်စက်မရှိသူများမှာ စိုက်ပျိုးရေရရှိရန်အတွက် အခက်အခဲနှင့်ကြုံရပါသည်။ အင်းနှင့်နီးသော လယ်မြေများသာ အင်းရေကို ရရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေလုံလောက်က ကျန်ရှိသောလယ်မြေများအား စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်များ၊ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးနိုင်လာမည်ဖြစ်သဖြင့် သီးနှံအထွက်နှုန်းလည်း ပိုမို တိုးတက်လာနိုင်ပါသည်။

၁.၃.၂ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား ၄ ဓါတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့်	သဲကျောက်(သင့်)	လွယ် (ဓာတ်သတ္တုအနေဖြင့် ဧရာဝတီမြစ် ရေကျချိန်တွင် သဲကျောက်များ ထုတ်လုပ် ရရှိပါသည်။)

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
	အခြားသဘာဝအရင်းအမြစ်	
တိရိစ္ဆာန်မျိုးစိတ်များ	နည်း	ခက်(စာကလေး၊ကြက်တူရွေး၊ကျိုး၊ စွန်၊ဗျိုင်း၊ဂျီ၊တောဝက်၊တောကြောင်၊ ရှဉ့်၊ လင်းမြွေ၊ စပါးကြီးမြွေ၊ စသည့် ရှိသော်လည်း လျော့နည်းစပြုလာပြီး ဖြစ်ပါသည်။)
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ	လွယ် (နွားစာအနေဖြင့်၊ပြောင်းပင်၊ ကောက်ရိုး၊မြက်၊ကောက်ငုတ်များရရှိ နိုင်ပြီး၊ အုန်း ပင်၊ငှက်ပျော ၊ကြက်မောက် သီးပင်၊ ဆေးဘက်ဝင်အပင် များအနေဖြင့် ဆင်တုံးမန္တယ်၊ တမာပင်၊ သစ်မွေး၊ ဒန့်သလွန်၊ ပန်းစောက်ထိုးပင်များရရှိနိုင် ပါသည်။)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်).

သဘာဝအရင်းအမြစ်များရှိသော်လည်း ကာကွယ်ထိန်းသိမ်းရန်အစီအစဉ်များ လိုအပ်နေခြင်း၊ ထင်းမီးဖြင့် ချက်ပြုတ်နေကြသည့်အတွက် သစ်ပင်ကြီးငယ်များရော့နည်းလာသည့်အပြင် နွေရာသီတွင် သောက်သုံးရေများလည်း တဖြည်းဖြည်းနည်းလာသည်။

၁.၄ ဥစ္စာဓနအဆင့်အနေအထား

ဇယား ၅ ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	မြေယာ(၁၀)ဧက အထက်	မြေယာ(၅-၁၀)ဧက	(၅)ဧကအောက်	မြေယာမရှိ ကျပန်း
အိမ်အခြေအနေ	သွပ်မိုးပျဉ်ထောင် ပျဉ်ခင်းတမံ တလင်းခင်း	သွပ်မိုး ပျဉ်ထောင် ပျဉ်ခင်း	သွပ်မိုး ထရံကာ	တဲအိမ်
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ခွေလှေ့စက် ဆီစက်ဆန်စက် သုံးဘီးနွားလှည်း	လက်တွန်းထွန်စက် ထယ်၊ နွားလှည်း၊	လယ်ယာသုံး ကိရိယာငှားသုံး	-

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ် ဗွီဒီယို ဆိုလာ။	ဆိုင်ကယ်၊ ဗွီဒီယို၊ ဆိုလာ၊	-	-
အိမ်ထောင်စု	၂၇(၇%)	၅၄(၁၅%)	၁၇၆(၄၈%)	၁၁၂(၃၀%)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၂ ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့်ထိခိုက်လွယ်မှုအခြေအနေ၊

၂.၂.၁ ဝမ်းစာဖူလုံမှု(နောင်ဟီးကျေးရွာ)

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အောက်ဖော်ပြပါဇယားသည်၊နောင်ဟီးကျေးရွာရှိ(၃၀)အဆင့်အိမ်ထောင်စု(၁၁၂)အိမ်မှ အိမ်ခြေ(၃၀) အားကောက်ယူထားသောစာရင်းဖြစ်ပါသည်။

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁၈	၆၀	ဝမ်းစာမဖူလုံပါက၊မေတ္တာဖောင်ဒေးရှင်းအဖွဲ့၊ ဘာသာရေးအဖွဲ့၊ ငွေတိုးပေးစားသူများထံမှ ချေးယူပြီး ဖြေရှင်းကြရပါသည်။
၃ လနှင့် ၅ လအထိ	၅	၁၇	လိုအပ်ပါက၊ ငွေတိုးချေးယူခြင်း၊ ဆွေမျိုးနှင့် မိတ်ဆွေများထံမှချေးယူခြင်းစသည်ဖြင့် ဖြေရှင်းကြပါသည်။
၆လမှ၁၂လအထိ	၇	၂၃	လိုအပ်ပါကဆွေမျိုးနီး စပ်များထံတွင် ချေးယူခြင်း၊ အပေါင်ဆိုင်တွင်ချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်)

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၂		၂

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	၂	၁	၃
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	အိမ်ထောင်စုအရေအတွက် (၃၈)အိမ်		
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	မုဆိုးဖို(၁၂)အိမ်တစ်ခုလပ် (၂)အိမ်		
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ	(၁၂)အိမ်(၂၅၀)ဦး		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊၂၀၁၅ နှစ်)

မသန်စွမ်းသုံးဦးမှာ မိသားစုစောင့်ရှောက်မှုရှိပါသည်။ အဖိုးအိုနှစ်ဦးမှာ ကျေးရွာမှ ထောက်ပံ့ပေးမှုနှင့် နိုင်သလောက်လုပ်ကိုင် စားသောက်နေကြသည်။

၁.၅.၂ ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုများ။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	မြင့်	စိုက်ပျိုးမြေတိုးချဲ့ရန် မြေနေရာမရှိတော့ပေ။
၃	ရေကြီးခြင်း	လတ်	ဖြစ်လေ့ဖြစ်ထ နည်းပါသည်။
၄	မိုးခေါင်ခြင်း	လတ်	သုံးနှစ်တစ်ကြိမ်မိုးခေါင်ခြင်းကြောင့် သီးနှံများ ပျက်စီးခဲ့ရ။
၅	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	နိမ့်	မြေပြိုခြင်း မြေဆီလွှာပျက်ယွင်းမှု မရှိစေရန် သစ်ပင်များပြန်လည် စိုက်ပျိုးထားသည်။
၆	သစ်တောပြုန်းတီးခြင်း	လတ်	သစ်တောကြီးကြီးမားမားမရှိတော့ပေ
၇	ငှက်ဖျားရောဂါ	နိမ့်	ငှက်ဖျားရောဂါ(စီ)အဆင့်သာရှိတော့သည်။
၈	တီဘီရောဂါ	လတ်	နွားနို့စိမ်းသောက်သူများတွင် အဖြစ်များသည်။
၉	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်	မူးယစ်ဆေးဝါးသုံးစွဲသူများ ရှိခြင်းကြောင့် ဖြစ်နိုင်ချေရှိသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၀	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	မရှိပါ(အခြားရွာများမှပြောင်းလာသူများသာရှိ သည်)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၁.၅.၃ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း

ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် သေဆုံးသူများရှိပါသည်။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	ဝင်ငွေနည်းပါးခြင်း အာဟာရချို့တဲ့ခြင်းတို့ကြောင့် အသက်ဆုံးရှုံးဖူး ပါသည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	လုပ်ငန်းရှားပါးချိန်တွင်အကြွေးတင်ခြင်း၊ ဝမ်းစာခက်ခဲခြင်း၊ ပညာသင်ကြားရေးတို့တွင် အခက်အခဲများတွေ့ရှိနိုင်
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက် ရောဂါထူပြောသောဒေသ	လတ်	ဧရာဝတီမြစ်နှင့်နီးသဖြင့်ရေဘေးကို (၂၅)တစ်ကြိမ်မြစ်ရေကြီးသည်။ကြို့တင်ပြင်ဆင်မှုများမရှိခြင်းများကြောင့် ကျွဲ၊နွားနှင့်အခြား တိရိစ္ဆာန် များဆုံးရှုံးမှုကြုံနေကြရသည်။
၅	မြစ်ကမ်းဘေးနေလူထု	လတ်	တစ်ခါတစ်ရံရေလွှမ်းမိုးမှုကြောင့် ဆုံးရှုံးမှုများဖြစ်နိုင်သည်။
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	လတ်	မတော်တဆဖြစ်ပွားမှုနည်း။
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	နည်း	အခြားဒေသများဖြစ်သော ဂါယာယန်၊နန်ဆာယန်၊တာဘတောင်း တာလော၊ စသည်တို့မှ ပြောင်းရွှေ့လာ၊ သောသူများသာရှိသည်။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နည်း	အနည်းငယ်သာ နေထိုင်။
၉	ငါးကန်ပိုင်ရှင်	လတ်	ရေကြီးရေလျှံပါကကန်ပေါ်သို့ရေကျော်၍ဆုံးရှုံးမှုဖြစ်။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	လယ်ယာလုပ်ငန်းများ နားချိန်တွင် ဝင်ငွေရရှိမှုအခက်အခဲနှင့် ကြုံရသည်
၁၁	ဒေသတွင်းပဋိပက္ခဧရိယာ	မြင့်	မူးယစ်ဆေးဝါးသုံးစွဲခြင်းရွှေ့ပြောင်းလုပ်သားများခြင်းတို့ကြောင့် လုယက်မှု ၊ခိုက်ရန်ဖြစ်ပွားမှုများဖြစ်တတ်ပါသည်။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၂	ဆေးစွဲသူများ	မြင့်	မူးယစ်ဆေးဝါးရောင်းဝယ်မှုရှိသဖြင့်လူငယ်များအသက် အန္တရာယ် ဆုံးရှုံးမှုအထိထိခိုက်နိုင်ပါသည်။
၁၃	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်	နိုင်ငံခြားသွားအလုပ်လုပ်ခြင်း မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကူးစက်ရောဂါဖြစ်နိုင်ချေများ။
၁၄	ရွှေပြောင်းလုပ်သားများ	လတ်	လူမှုရေးအခက်အခဲနှင့်အသက်လုံခြုံမှု အာမခံချက်မရှိ။
၁၅	ကားသမား	လတ်	မတော်တဆဖြစ်နိုင်ခြေများ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

၂.၁.၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့	၂	၅	-	၅	ကျေးရွာဘက် ပေါင်းစုံ ဖွံ့ဖြိုးရေး	၅	၇
၂	မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့	၂	၅	-	၅	မူးယစ်ကင်းရှင်းရေး	၄	၈
၃	ကျေးရွာလည်ပတ်ရံပုံငွေ	၁	၁၅	-	၁၅	အတိုးနှုန်း သက်သာစွာ ဖြင့်ချေးပေး	၅	၆
၄	လဝေါယဉ်ကျေးမှုအဖွဲ့	၃	၄	၃	၇	ရိုးရာယဉ် ကျေးမှု ထိန်းသိမ်း ရန်	၅	၇

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်း သူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၅	လချိတ်	၂	၇	-	၇	လူမျိုးရေး	၅	၇
၆	ဂေါ်ရခါးယဉ်ကျေးမှု	၃	၉	-	၉	လူငယ်များယဉ်ကျေးမှု	၅	၇
၇	ဂေါ်ရခါးဘာသာရေး	၃	၉	-	၉	ဘာသာရေးဆောင်ရွက်	၅	၆
၈	အယ်လ်ဘီစီဘာသာရေးအဖွဲ့	၃	၇	၂	၉	။	၅	၆
၉	အေဂျီဘာသာရေးအဖွဲ့	၃	၅	-	၅	။	၅	၆
၁၀	ကက်သလစ်ဘာသာရေးအဖွဲ့	၃	၅	-	၅	။	၅	၇

ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၂၇-၂၉၊ဇူလိုင်လ၊၂၀၁၅)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	အက်ဒက်ငွေစုအဖွဲ့	၂	ကျေးရွာအတွင်းငွေစုငွေချေး
၂	အမ်စီယူငွေစုအဖွဲ့	၂	ကျေးရွာတွင်းငွေစုငွေချေး

ရည်ညွှန်း ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၃ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

၂.၃.၁ စိုက်ပျိုးရေးသီးနှံ

၂.၃.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၂	၃၀	
၂	၂.၅ဧကအောက် (၁ဟတ်တာထိ)	၈၃	၂၂.၅	ဆင်းရဲသားတောင်သူများ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၃	၂.၅ဧကမှ ၅ ဧကထိ (၂ဟတ်တာထိ)	၇၈	၂၁.၁	တောင်သူငယ်များ
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၈၇	၂၄	အလယ်အလတ်စားတောင်သူ များ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၉	၂.၄	တောင်သူကြီးများ
	စုစုပေါင်း	**၃၆၉**	**၁၀၀**	

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၃.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	**အင်းရေကိုစက်ဖြင့် တင်ခြင်း**	(၁)အင်း	၂၈၅	ရာသီအလိုက်သာရေရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၃.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၄၈၂	တင်း	၂၅	၅၀	၄၀	ဇူလိုင်လ	မြင့်	နိမ့်	သွင်းအားစုစရိတ်မြင့်ပြီးစပါးဈေးနိမ့်

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ပြောင်း	၄၅၀	တင်း	၃၀	၆၀	၅၀	မိုး-ဧပြီလ ဆောင်း-အောက်တိုဘာလ	မြင့်	နိမ့်	ဈေးနှိမ်ပယ်ခြင်းကြောင့် အမြတ်နည်း။
အာလူး	၁၀၀	ပိဿာ	၅၀၀	၈၀၀	၇၀၀	ဖေဖော်ဝါရီလ	လတ်	မြင့်	ဈေးကောင်းရလျှင်
နှမ်း	၂၁၃	တင်း	၁၂	၂၀	၁၅	ဩဂုတ်လ	လတ်	သင့်	ဈေးနိမ့်သဖြင့်အသင့်အတင့်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၂၇-၂၉ရက်.ဇူလိုင်လ၊၂၀၁၅)

၂.၃.၁.၄ လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	(၂၇)အိမ်	-	(၂၇)အိမ်ထောင်စုတွင်(၂၇)လုံးပိုင်ဆိုင်ပါသည်။
ရိတ်သိမ်းစက်	(၂) ။	-	အိမ်ထောင်စု(၂)စု(၂)လုံးပိုင်ဆိုင်ပါသည်။
လက်တွန်းထွန်စက်	(၂၁) ။	-	(၂၁)အိမ်ပိုင်ဆိုင်ပါသည်။
ခြွေလှေ့စက်	(၂) ။	-	အိမ်ထောင်စု(၂)စုတစ်လုံးစီပိုင်ဆိုင်ပါသည်။
ရေစုပ်စက်	(၉) ။	-	(၉)အိမ်(၉)လုံးပိုင်ဆိုင်ပါသည်။
မြက်ရိတ်စက်	(၁) ။	-	တစ်အိမ်ထောင်စုတွင်သာပိုင်ဆိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၃.၁.၅ သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရှိနိုင်မှု၊မြေဆီ၊သြဇာ)	ရှိ	လယ်မြေများ ယာမြေများသည် မြေဆီသြဇာကောင်းမွန်ပါသည်။ ရေဝပ်ခြင်း ရေနစ်ခြင်း မရှိဘဲ မိုးကြီးလျှင်လည်း ပြဿနာ မရှိလှပါ။
ရေအရင်းအမြစ်	ရှိ	ယခုလက်ရှိစိုက်ပျိုးရေကိုရွာရှိအင်းများမှရရှိပါသည်။အင်းများကိုရေကန်များတူးဖေါ်၍ မိုးရေလှောင်နိုင်လျှင်ပိုမိုကောင်းမွန်လာမည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ရွာတွင်ကောက်ရိုးနှင့်နွားချေးများရှိသဖြင့်သဘာဝမြေသြဇာပြုလုပ်နိုင်ရန် အခွင့်အလမ်း များရှိပါသည်။
ချေးငွေရရှိမှု	ရှိ	ကျေးရွာတွင်လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမနှင့် ကျေးရွာလည်ပတ်ရန်ပုံငွေအဖွဲ့များမှ ငွေချေးယူရရှိနိုင်ခြင်း
သွင်းအားစုစျေးကွက်	ရှိ	မြေသြဇာနှင့်သီးနှံမျိုးစသည့်တို့ကို မြစ်ကြီးနားစျေးကွက်တွင် ဝယ်ယူရရှိနိုင်ပါသည်။
ဝန်ဆောင်မှုစျေးကွက်	ရှိ	ရွာအရောက် လာရောက်ရောင်းဝယ်သောကုန်သည်များလည်းရှိပါသည်။
ထုတ်လုပ်မှုစျေးကွက်နှင့် ကုန်သွယ်မှု	ရှိ	ဆန်စက်၊ ဆီစက်များရှိသဖြင့် ဆန်ဆီထုတ်လုပ်နိုင်ပြီး ရောင်းဝယ်မှုများပြုလုပ်နိုင်ပါသည်။ မြစ်ကြီးနားမြို့နှင့် တရုတ်ပြည်လိုင်ဇာစျေးကွက်အထိတင်ပို့နိုင် ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

အင်းများအား မိုးရေလှောင်ရန် လေးထောင့်ကျကျတူးထားပါက မိုးရေ မလုံ လောက်ပါက မြစ်ရေတင်ပြီး သိုလှောင်ထားခြင်းဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ လုံလောက်စွာ ရရှိရန် အခြေအနေကောင်းကို ဖန်တီးနိုင်ပါသည်။

၂.၃.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ရေလုံလောက်စွာမရရှိသဖြင့်ကျေးရွာတွင်ရှိသောလယ် မြေဧကတစ်ဝက်ခန့်သာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်နိုင်ပါသည်။
ငွေကြေးအရင်းအနှီးလက်လှမ်းမီမှု	ရှိ	ကျေးရွာတွင်ရင်းနှီးငွေချေးပေးသောအဖွဲ့များရှိသော်လည်း လိုအပ်သည့်ပမာဏဖြင့် ချေးမရခြင်း ချေးငွေကာလကန့်သတ်သတ်မှုရှိခြင်းတို့စသည့် အခက်အခဲများနှင့် ရင်ဆိုင် နေကြရသည်။

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
သွင်းအားစုတတ်နိုင်မှု	ရှိ	ချေးငွေကို လိုအပ်သည့်အချိန်တွင် မရရှိသဖြင့် စိုက်ပျိုးရေးသွင်းအားစုများကို အချိန်မီ စုဆောင်မှု မရှိခြင်းကြောင့် သီးနှံများစိုက်ပျိုးရာတွင် အချိန်နောက်ကျ၍ အထွက်နှုန်းကျဆင်းပါသည်။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	နိုင်ငံခြားသို့အလုပ်သွားလုပ်ခြင်း ကျောက်စိမ်းလုပ်ကွက်များသို့ သွားရောက်လုပ်ကိုင်ခြင်း ရွှေလုပ်ငန်းများသို့သွားရောက်အငှားလုပ်ကိုင်ခြင်းကြောင့် လုပ်သား ရှားပါးမှုဖြစ်ပါသည်။
ဆည်မြောင်းရေရရှိမှု	ရှိ	ဆည်ရေမရှိခြင်းကြောင့်မိုးရေအင်းရေဖြင့်သာစိုက်သဖြင့်သီးနှံထွက်သင့်သလောက်မထွက်ရှိပါ။
မိုးရေမလုံလောက်မှု	ရှိ	မိုးကောင်းသောက်လယ်ယာမြေများသာဖြစ်သည့်အတွက် မိုးနည်းသောနှစ်များတွင် သီးနှံအထွက် နှုန်းသိသိသာသာကျဆင်းသည်
စိုက်ပျိုးရေးသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	အလုပ်သမားအချိန်မီမရှိခြင်း၊မြေဩလုံလောက်စွာအချိန်မီအသုံးမပြုနိုင်ခြင်း၊ရောဂါပိုးမွှားကျရောက်မှုအားအချိန်မီတားဆီးနိုင်မှုမရှိခြင်း၊ လယ်ယာသုံး ကိရိယာအား အချိန်မှီ အသုံးပြုနိုင်ခြင်းကြောင့်၊ သီးနှံထုတ်လုပ်မှုတွင် အခက်အခဲနှင့်ကြုံရပါသည်။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	သီးနှံပိုးမွှာရောဂါကျရောက်မှုကိုစနစ်တကျ မနှိမ်နင်းနိုင်သဖြင့် အချို့နှစ်များတွင် ပျက်စီး ဆုံးရှုံးမှုများ။
နည်းပညာအကူအညီနှင့်နည်းလမ်းများ	ရှိ	စနစ်တကျစိုက်ပျိုးသည့်နည်းစနစ်များ နည်းပညာများရရှိထားခြင်းမရှိသဖြင့် မီရိုဖလာ စိုက်နည်းများကိုသာ အခြေခံစိုက်ကြရခြင်းကြောင့် အဖျက်ပိုး ကာကွယ်သည့် စနစ်များမှာအားနည်းနေခြင်း
ဈေးကွက်လက်လှမ်းမှီမှု	ရှိ	မြစ်ကြီးနားမြို့သို့ထုတ်ကုန်များပို့ဆောင်ရန်စရိတ်ကြီးခြင်း၊ ကုန်များချခင်းရန် သိုလှောင်ရုံများ နေရာများမရှိသည့်အတွက် ကုန်ပစ္စည်းများကိုရွာတွင်း သာရသမျှ ဈေးဖြင့် အနှိမ်ခံပြီး ကုန်သည် များကို ရောင်းကြရပါသည်။
အစိုးရမူဝါဒနှင့် အစီအစဉ်	ရှိ	နည်းပညာဝန်ဆောင်မှု ရရှိရေး၊ သီးနှံဈေးကွက်ဖွံ့ဖြိုးရေး၊ သွင်းအားစုများ (ပိုးသတ်ဆေး၊ မြေဩများ) အရည်သွေးမှုန် ဈေးနှုန်းမှန်ရေး မူဝါဒနှင့် ကာကွယ်ရေး အစီစဉ်များလိုအပ်ခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၃.၂ မွေးမြူရေးနှင့်ငါးလုပ်ငန်း

၂.၃.၂.၁ မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း (အိမ်ထောင်စု)

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါး လုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၂၀၅	အိမ်ထောင်စု(၂၀၅)အိမ်တွင်(၅၅၈)ကောင် တပိုင်တနိုင် မွေးမြူသည်။
မြင်း	၁	တစ်ရွာလုံးတွင်တစ်ကောင်သာရှိသည်။
ကျွဲ	၄	အိမ်ထောင်စုတစ်စုလျှင်(၁)ကောင်နှုန်းဖြင့်စုစုပေါင်း(၄)ကောင် ရှိသည်။
ဆိတ်	၄၇	(၁၄၀)ကောင် (၄၇)အိမ်ထောင်တွင် တပိုင်တနိုင်ဂေါ်ရခါး လူမျိုးများ ရိုးရာလုပ်ရန်မွေးမြူကြသည်။
ဝက်	၂၂၃	(၃၇၈)ကောင် တစ်ပိုင်တစ်နိုင် ကချင် လဝေါ် လချိတ် စသည့် လူမျိုးများ မွေးမြူကြပါသည်။
ကြက်		(၃၃၀၈)ကောင် (၃၀၈)အိမ်ထောင်စုတွင် အိမ်တိုင်းလိုလို စားသုံးရန်နှင့် ပိုလျှံပါကရောင်းရန်တစ်နိုင်တစ်ပိုင်မွေးကြသည်။
ဘဲ	၄	(၁၅)ကောင် ဝါဒနာအရ(၄)အိမ်သာမွေးမြူပါသည်။
ငါးလုပ်ငန်း		
ငါးကန်	၆	တစ်အိမ်လျှင်(၁)ကန်ဖြင့်(၆)ကန်ရှိပါသည်။
ရေချိုငါးဖမ်းလုပ်ငန်း	၃	တစ်ခါတစ်ရံစားသုံးရန်နှင့် ပိုလျှံပါကရောင်းကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများ တစ်အိမ်တက်ဆင်းကောက်ယူရရှိခဲ့သော အခြေခံစာရင်း ဇယားများအရ(၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၃.၂.၂ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	စားကျက်မရှိ မြစ်ကမ်းဘေး ဘော်လုံးကွင်း သင်ချိုင်းကုန်းမြေ လမ်းဘေး အင်းဘေးများတွင် ယာယီစားကျက်အဖြစ်အသုံးပြုကြသည်
ရေရရှိမှု	တိရိစ္ဆာန်သောက်ရေကို ဧရာဝတီမြစ်၊အိမ်ခြံဝန်းအတွင်းရှိရေတွင်း၊ အင်းရေ စသည့်တို့မှ ရရှိနိုင်ပါသည်။

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
တိရိစ္ဆာန်မျိုး	ဒေသမျိုးများလက်လှမ်းမီရရှိနိုင်သည်
ချေးငွေ	ချေးငွေကို ရွာတွင်းရှိလည်ပတ်ရံပုံငွေအဖွဲ့မှချေးယူနိုင်သည်။
သွင်းအားစုဈေးကွက်	တိရိစ္ဆာန်အစာအဖြင့် ဝိုင်းမော်နှင့်မြစ်ကြီးနားမြို့တို့တွင် ဝယ်ယူနိုင်ပြီး ကျေးရွာရှိ ဆန်စက်များမှလည်း ဖွဲ၊ ဆန်ကွဲ စသည့်တို့ ဝယ်ယူရှိနိုင်ပါသည်။
ဝန်ဆောင်မှုဈေးကွက်	ကျေးရွာအရောက်ဝယ်ယူကြသော ကုန်သည်များရှိခြင်း၊ ဝိုင်းမော်နှင့် မြစ်ကြီးနားမြို့ တို့တွင် မွေးကုဋီစီးဌာနရှိသည်။
ထုတ်ကုန်ရောင်းဝယ်မှု	ရွာအနီးအနား ခတ်ချို မုတ်လွဲ ရွာတို့မှ ရွာသို့လာရောက်ဝယ် ယူကြခြင်း
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	အချို့အိမ်ခြံဝင်းအတွင်း စိုက်မြေအနည်ဆုံး(၁)ဧကခန့်ရှိသောကြောင့် နွားဆိတ် ဝက် ကြက် များကို စနစ်တကျမွေးမြူခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဇူလိုင် လ၊ ၂၀၁၅ နှစ်)

၂.၃.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမီမှု	ချေးငွေရရှိနိုင်သောနေရာများရှိသော်လည်း အဖွဲ့ဝင်များသာချေးခွင့်ရရှိခြင်း ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် ရင်းနှီးငွေရရှိရန်အခက် အခဲနှင့်ကြုံရပါသည်။
ကူးစက်ရောဂါဖြစ်ပွားမှု	နွားတွင်အရေပြားကွာရောဂါ၊ ခွါနာလျှာနာ၊ ကြက်များတွင်ဝမ်းကျရောဂါ၊ လည်လိမ်ရောဂါ၊ ဝက်များတွင်ဝမ်းရောဂါများဖြစ်သဖြင့် စီးပွားဖြစ်မွေးမြူရန် အခက်အခဲ ရှိပါသည်။
